

# မစ္စတာအီဗရာဟင်ဝေနဲ့ ခဏတဖြုတ်



ဒီမိုကရေစီဆိုတာ
လူ၏ ကြီးကျယ်သော
ပါရမီအစွမ်းအစများကို
အသုံးချခွင့်ရအောင် ဖန်တီးထားသော
လူ့ အဖွဲ့ အစည်း

အီဗရာဟင်လင်ကွန်း

ဒီမိုကရေစီဆိုတာ
အာဏာရှူးတွေ အတွက်
နွေခေါင်ခေါင်မှာ ဝတ်သော အနွေးထည်

အီဗရာဟင်ဝေ

ထင်တော့ ထင်မိသား
ယုံကြည်စိတ်ချလို့ မရတဲ့
သက်တန့် ရဲ့ အလှဟာလည်း
တခဏပါပဲလို့
အထူးသဖြင့်
မမြင်ရတဲ့
အရောင်မရှိ သက်တန့်
ဖားလန့် လို့ ပွက်တဲ့ရေ

အဲဒီတုန်းကပေါ့
တချို့ က သောင်းသောင်းဖြဖြ
ကိုယ့်အဖို့ ကတော့
အံ့သြခြင်း မက အံ့သြရ
စောင့်ကြည့်ချင်သေး သပလို့
ကောင်းချီးပေဖို့ စောသေးတဲ့
ကောက်ရိုးမီးကလေးလို့ ပဲ

မြင်ပါတယ်
စီးဆင်းလာတာ
ထို့ အတူ
ပူလောင်ပြင်းတဲ့
နေဆယ်စင်းအောက်
ရုတ်ခြည်း ခန်းခြောက်
အငွေ့ ပျံ ပျောက်သွားမှာလည်း
ကြိုမြင်ပါတယ်
မြစ်ဖျားခံရာ
ကြည့်လိုက်ပါဦး
ဘယ်တုန်းက ဆန်တက်ခဲ့ဘူးလို့ လဲ

အလိုက်သင့် စီးမျော

အားငယ်စရာ မရှိပါဘူး
အရိုးတွေ တောင်လိုပုံ
သွေးတွေ မြစ်လို
စီးနေပုံမျိုးနဲ့ တောင်
ငါတို့ ခရီး
တန်းတန်းမတ်မတ်ကြီးကို
မပြီးနိုင်သေးတဲ့ လမ်းခုလပ်ကြီးမှာ
ရုပ်ရှင်တကားတည်းနဲ့
အကယ်ဒမီဆု ရနိုင်သလို
ကဗျာတပုဒ်တည်းနဲ့
နိုင်ငံတကာဆိုင်ရာ
ဆုတံဆိပ်ကြီးလည်း ချိပ်နိုင်တာပဲ
ရွှေမှန်ကင်းလား
သစ်ကိုင်းခြောက်လား
အချိန်ဆိုတဲ့
သမားတော် စကားမှ မစောင့်ကြ
ရက်ရောမှုတွေက ကမ်းကုန်

မီးကုန်ယမ်းကုန်
မုန်တိုင်းမထန်ခင် က
ကြံခြဲ့ကြ ဖူးပေမယ်
အွန်လိုင်းပေါ်မှာတော့ မဟုတ်
ကျောင်း အိမ်သာ
စျေး အိမ်သာ
ရုံး အိမ်သာ
အိမ်သာ ကဗျာဆရာလေးတွေ

ဘက်စ်ကားမှတ်တိုင်
ဓါတ်တိုင်
ကျောက်တိုင်
တိုင်မြင်ရင် အကုန်ကပ်
သိမ် ဇရပ်နဲ့
ဘုရားတန်ဆောင်း
ပလက်ဖောင်း ကဗျာဆရာလေးတွေ

လက်ဘက်ရည်ဆိုင် ထိုင်ခုံ
ကြံရည်ဆိုင် ထိုင်ခုံ
မကျည်းဖျော်ရည်ဆိုင် ထိုင်ခုံ
ထိုင်ခုံလေးတွေ ကောက်ဆွဲ
ရန်ပွဲ တပွဲ ဖန်တီးယူ
ယင်တွေ အုံသလို လူတွေ အုံလာပြီဆို
ထိုင်ခုံလေးတွေပေါ် တက်
ပြုန်းကနဲ ထအော်
ရုတ်ကနဲ ပျောက်ကွယ်



ကမဘာ့အမြန်ဆုံး စာပေဟောပြောပွဲလေးတွေ

သမ္မာကမ္မန္တ၁
လူ့ ရွာကောင်းကျိုး
မျှော်ကိုးစတေး
ကျောင်းသားတို့ သွေး
ပျောက်ပျက် အချည်းနှီး ဖြစ်မသွားစေရ
'ရှစ်ရက် ရှစ်လ ရှစ်ဆယ့်ရှစ်'ထိ
မရောက်ရောက်အောင်
ကလောင်လေညင်းလေးတွေ ဆောင်
ဘာဆုမှတောင် မျှော်လင့်မယ် မထင်ပေါင်
မီးလောင်ရာ လေပင့်ခွင့်နဲ့  ကျေနပ်ခဲ့
မှန်တိုင်းကြီးတခု ဖြစ်တည်လာအောင်
တဖက်ကမ်းခတ် သူတွေ မဟုတ်ပေမယ့်
တဖက်တလမ်းက တတ်နိုင်သလောက် ဖြည့်စွမ်းခဲ့
လူမသိပေမယ့် တကယ်ရှိနေတဲ့
ကလောင်သူရဲကောင်း အစစ်လေးတွေ

အဲဒီ ကလောင်သူရဲကောင်း အစစ်ဆိုတာ
အကြောင်းမဲ့ အသက်စွန့် ပစ်တဲ့ အထိ
ဉာဏ်မနည်းသလို
'လက်နက်ချ  အညံ့ခံတာ
ကျုပ်တို့ ရဲ့  လိမ္မာပါးနပ်မှုလို့ '
အရှက်ပြေ ပြောပြီး
'လိမ်လိမ်မာမာ လက်နက်ချ'တတ်ဖို့
ကလောင်နဲ့  အားမရ
ရေဒီယိုစပီကာကြီး ကနေ
လှုံ့ဆော်ပြမယ့် အလုပ်လည်း
လုပ်လိမ့်မယ် မထင်ပါ

ရမ်းမပြောနဲ့
ပြေးမကြည့်နဲ့
အဝေးက လှမ်းကြည့်ရုံနဲ့
မြင်နိုင်တယ်
မော်ဒန် အမတ်လောင်း တယောက်
နှစ်ထောင့်တဆယ် နွေခေါင်ခေါင်မှာ
အနွေးထည်ဝတ်မယ်
ထကြောင်လိုက် ကတည်းက
မစ္စတာအီဗရာဟင်ဝေ ရဲ့
နှစ် နှစ်တာစခမ်းကနေ
အပြန်လမ်း
ကြိုမှန်း ပြီးသား
'သေရင်ပြီးပြီ' ဆိုတဲ့
အသိုင်းအဝိုင်းထဲမှာ
ဝင်ရင် ထွက်ရမယ် ဆိုတဲ့
အပေးအယူတွေ

ဩော်---လက်စသတ်တော့
လမ်းဘေးရပ်နေတဲ့သူ
ကားအတိုက်ခံရတာ
တိုက်ပေါ်ကလူ အပြစ်ပါ
ခေါင်ကို ထိတာတောင်
အစားမခံရရင်
ကြိုတင် စီရင်ထားတဲ့ ခွင်
ချစ်သူ
ငါတို့
ဒီလောက် မညံ့သင့်ဘူး ထင်ပါတယ်

'အိုဘယ့်'
မစ္စတာအီဗရာဟင်ဝေ ငဲ့
ဒီမိုကရေစီဆိုတာ
နွေခေါင်ခေါင်မှာ
အသံကျယ်လောင်လောင် ထအော်ပြီး
လျှပ်တပြက် ထင်ပေါ်လိုမှုနဲ့ မရနိုင်ဘူး

အဲဒီလိုပဲ
ဒီမိုကရေစီဆိုတာ
နွေခေါင်ခေါင်မှာ
တံလျှပ်ကို ရေထင်
စစ်ကျွန်ဇာတ် အသွင်းခံချင်သူ
အလံရှူးတွေ နဲ့ လည်း
မထိုက်တန်ပြန်ဘူး

ခက်တာက
အမှန်တရားဟာ
အသံထက်မြန်တဲ့ အရာမှ
မဟုတ်လေတော့
သစ်ကိုင်းခြောက်တွေ
ခေါင်းထောင်နိုင်တာပေါ့

ဒီလိုနဲ့
အဆုံးမတော့
မေတ္တာရေယဉ်ကြောမှာ
အသာ မျောလိုက် သွားတော့တယ်။ ။

လင်းလက်ဇာနည်
၈ ဩဂုတ် ၂၀၁၀